မူပိုင်ခွင့်ပုံစံ ၈



သက်သေခံပစ္စည်းများ ထိန်းသိမ်းကြီးကြပ်ခြင်းနှင့် သက်ဆိုင်သည့် ခံဝန်ချုပ်

…….. တရားရုံးတော်

၂၀ …….. ခုနှစ်၊ တရားမအထွေထွေမှုအမှတ် …….. (မူပိုင်ခွင့်)

…… ၏ သား/ သမီးဖြစ်သူ …….. ရပ်နေတရားလို/ လျှောက်ထားသူ၊ တရားပြိုင်/ လျှောက်ထားခံရသူ …….. ကတရားသူကြီးသို့ဖြစ်စေ၊ ဆက်ခံသူတရားသူကြီးသို့ဖြစ်စေ၊ တရားသူကြီးတာဝန်ပေးအပ်သူသို့ဖြစ်စေငွေကျပ် …….. ကို ပေးဆောင်ရန် ထိုတရားသူကြီးထံသို့ ခံဝန်သူတို့ အတူတကွသော်လည်းကောင်း၊ သီးခြားစီသော်လည်းကောင်း ခံဝန်ချုပ်ဆိုကြပါသည်။ ၎င်းငွေကို ပေးဆောင်ရန် ခံဝန်သူတစ်ဦးစီမှစ၍ ၎င်းတို့၏အမွေစားအမွေခံ၊ သေတမ်းစာအရ စီရင်ပိုင်သူ၊ အမွေထိန်းတို့ အတူတကွသော်လည်းကောင်း၊ သီးခြားစီသော်လည်းကောင်း ခံဝန်ချုပ်ဆိုကြပါသည်။

အထက်ပါအမှု၌ တရားလို/ လျှောက်ထားသူ၊ တရားပြိုင်/ လျှောက်ထားခံရသူက ၎င်းအမှုတွင် မူပိုင်ခွင့်ချိုးဖောက်ခြင်းနှင့်သက်ဆိုင်သည့် သို့မဟုတ် ဆက်နွယ်နေသည့် သက်သေခံပစ္စည်းများ (……

……) အား တရားရုံးတော်က ညွှန်ကြားသည့်အတိုင်း ယိုယွင်းပျက်စီးခြင်း၊ လေလွင့်ဆုံးရှုံးခြင်း၊ တန်ဖိုးလျော့နည်းစေခြင်းမရှိစေရအောင် တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ပါမည်။ အကယ်၍ ဖော်ပြပါ သက်သေခံပစ္စည်းတစ်စုံတစ်ရာသည် ပျက်စီးခြင်း၊ လေလွင့်ဆုံးရှုံးခြင်း၊ တန်ဖိုးလျော့နည်းသွားစေခြင်းတို့ ဖြစ်ပေါ်လာလျှင် ပေါ်ပေါက်သောနစ်နာမှုများတွက် သင့်လျော်သောလျော်ကြေးကိုပေးစေရန် အမိန့်ချမှတ်ပါက ထို …….. လျော်ကြေးအတွက် ခံဝန်သူတို့က အာမခံရန် သဘောတူကြပါသည်။

သို့ဖြစ်၍ ယခုဝန်ခံကြသည်မှာ ဆိုခဲ့သောအမှုတွင် အမိန့်ပါအတိုင်း နေရာတကျလိုက်နာဆောင်ရွက်ကျေပြေအောင် ပြုလုပ်လျှင် ဤခံဝန်ချုပ်ပျက်စေ၊ သို့မဟုတ်လျှင် တည်မြဲအတိုင်းတည်စေ၍ ဆိုခဲ့သော လျော်ကြေးငွေ …….. ကိုဖြစ်စေ၊ တရားသူကြီးက ပေးစေဟူသော ငွေ …….. ကို ဖြစ်စေ ခံဝန်သူတို့က ဆိုခဲ့သောရုံးတွင် ပေးသွင်းပါမည်။

၂၀ …….. ခုနှစ်၊ ……. လ ……. ရက်တွင် အထက်ခံဝန်ချုပ်ကို အသိအမှတ်ပြုသောအားဖြင့် လက်မှတ်ရေးထိုးပေးလိုက်သည်။

…….
……...……. ရှေ့တွင်
……..
……. က
လက်မှတ်ရေးထိုးသည်။

အာမခံသူတို့သည်
မျဉ်းကြောင်း
လက်ယာဘက်၌
လက်မှတ် ရေးထိုးရမည်။
သက်သေတို့သည်
လက်ဝဲဘက်၌ မိမိတို့
မည်သူဖြစ်ကြောင်း
မှတ်ပုံတင်အမှတ်
အလုပ်အကိုင်၊
နေရပ်တို့ကို
ဖော်ပြရမည်။

ရုံးတံဆိပ်

တရားသူကြီး